# ခုံသမာဓိကောင်စီ

## ခုံအဖွဲ့၏ဆုံးဖြတ်ချက်

{ နည်းဥပဒေ ၂၃(စ) }

## ခုံအဖွဲ့

၂၀၁၈ ခုနှစ်၊ လျှောက်ထားသည့်အငြင်းပွားမှုအမှတ်(၄၁/၂၀၁၈)

| | |
|---|---|
| ဦးသိန်းထွန်း (MD)<br>ဦးသီဟ (အမှုဆောင်အယ်ဒီတာ)<br>(အလုပ်ရှင်၏အထူးကိုယ်စားလှယ်လွှဲအပ်ခြင်းခံရသူ)<br>Myanmar Consolidated Media Co.,Ltd.၊<br>အမှတ် (၃၇၉/၃၈၃)၊ ဗိုလ်အောင်ကျော်လမ်း၊<br>ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | လျှောက်ထားသူ |

နှင့်

| | |
|---|---|
| ဒေါ်မို့မို့သော်နှင့် ဦးသက်လှိုင်<br>အမှတ် (၉၀၉)၊ ဓေယျာမြိုင် (၁) လမ်း၊<br>(၃၁) ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊<br>ရန်ကုန်တိုင်းဒေသကြီး။ | လျှောက်ထားခြင်းခံရသူ |

ရက်စွဲ၊ ၂၀၁၈ ခုနှစ်၊ ဇွန် လ ၂၁ ရက်

## ဆုံးဖြတ်ချက်

၁။ ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားမြို့နယ်၊ ဗိုလ်အောင်ကျော်လမ်း၊ အမှတ် (၃၇၉/၃၈၃)ရှိ ဦးသိန်းထွန်း (MD)၊ ဦးသီဟ (အမှုဆောင်အယ်ဒီတာ) (အလုပ်ရှင်၏အထူးကိုယ်စားလှယ်လွှဲအပ်ခြင်းခံရသူ)၊ Myanmar Consolidated Media Co.,Ltd. နှင့် အလုပ်သမား ဒေါ်မို့မို့သော်၊ ဦးသက်လှိုင်တို့အကြားဖြစ်ပွားသော အငြင်းပွားမှုကို ကျောက်တံတားမြို့နယ် ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့မှ ညှိနှိုင်းဆောင်ရွက်ပေးခဲ့သော်လည်း ပြေလည်မှုမရရှိသဖြင့် ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့က ထိုအငြင်းပွားမှုကို အငြင်းပွားမှုအမှတ် (၅၉/၂၀၁၈) အရ ကြားနာစစ်ဆေးပြီး ၂၀၁၈ ခုနှစ်၊ မေလ ၂၈ ရက်နေ့တွင် ဆုံးဖြတ်ပေးခဲ့သည်။

၂။ ဤအငြင်းပွားမှုသည် တောင်းဆိုခြင်းခံရသူ အလုပ်ရှင် ဦးသိန်းထွန်း (MD) ထံတွင် တောင်းဆိုသူ အလုပ်သမား ဒေါ်မို့မို့သော်နှင့် ဦးသက်လှိုင်တို့က အလုပ်မှရပ်စဲခံရသဖြင့် လုပ်သက်အလိုက်အလုပ်ရပ်စဲမှုနစ်နာကြေး ရလိုကြောင်း တောင်းဆိုသည်မှ ဖြစ်ပွားလာသော အငြင်းပွားမှု ဖြစ်သည်။

၃။ ထိုတောင်းဆိုချက်အပေါ်တွင် ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့က ကောက်ချက်(၁) ချက် ရေးဆွဲပြီးအဆုံးအဖြတ်ပေးခဲ့ရာ အလုပ်ရှင်ဘက်မှ အောက်ပါကောက်ချက် အမှတ်(၁)ပေါ်တွင် ဆုံးဖြတ်သော ဆုံးဖြတ်ချက်ကို ကျေနပ်မှုမရှိ၍ ပြင်ဆင်မှုလျှောက်ထားခြင်းဖြစ်သည်-

**ကောက်ချက်အမှတ်(၁)။** ဒေါ်မို့မို့သော်နှင့် ဦးသက်လှိုင်တို့ အလုပ်ရပ်စဲမှုနစ်နာကြေး ရထိုက်/ မရထိုက်။

**ဆုံးဖြတ်ချက်အမှတ်(၁)။** ဒေါ်မို့မို့သော်နှင့် ဦးသက်လှိုင်တို့အား အောက်ပါနို့တစ်ကြေးနှင့် လုပ်သက်အလိုက် နစ်နာကြေးအား ညီမျှသောမြန်မာကျပ်ငွေဖြင့် ပေးလျော်စေရန် ဆုံးဖြတ်လိုက်သည်-

| စဉ် | အမည် | နို့တစ်ကြေး | လုပ်သက်အလိုက်နစ်နာကြေး | စုစုပေါင်း |
|---|---|---|---|---|
| ၁ | ဒေါ်မို့မို့သော် | US $ 840 | US $ 840 x 8 = 6720 | US $ 7560 |
| ၂ | ဦးသက်လှိုင် | US $ 788 | US $ 788 x 8 = 6304 | US $ 7092 |
| စုစုပေါင်း | | | | **US $ 14652** |

၄။ ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့၏ အငြင်းပွားမှုအမှတ် (၅၉/၂၀၁၈) ဆုံးဖြတ်ချက် အပေါ်တွင် ကျေနပ်မှုမရှိသဖြင့် အလုပ်ရှင်ဘက်မှ ခုံသမာဓိကောင်စီသို့ ပြင်ဆင်မှုလျှောက်ထားလာသဖြင့် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ခုံသမာဓိကောင်စီ၊ အမိန့်ကြော်ငြာစာအမှတ် (၄၃/၂၀၁၈)၊ ၂၀၁၈ ခုနှစ်၊ ဇွန်လ(၆)ရက်၊ ရက်စွဲဖြင့် ခုံသမာဓိကောင်စီ အငြင်းပွားမှုအမှတ် (၄၁ /၂၀၁၈) အား ကြားနာစစ်ဆေးမည့် ဝန်ကြီးဌာနကိုယ်စားလှယ် ဒေါက်တာသန်းဝင်း၊ အလုပ်ရှင်ကိုယ်စားလှယ် ဦးထွန်းအောင်၊ အလုပ်သမားကိုယ်စားလှယ် ဦးမောင်မောင်အေး တို့ပါဝင်သော ခုံအဖွဲ့ကို ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့သည်။

၅။ ခုံသမာဓိကောင်စီ၊ ခုံအဖွဲ့သည် အမှုတွဲကိုလက်ခံရရှိပြီးနောက် မြို့နယ်ညှိနှိုင်းဖျန်ဖြေရေး အဖွဲ့နှင့် ခုံသမာဓိအဖွဲ့တို့မှ လွှဲပြောင်းပေးပို့တင်ပြလာသည့် မှတ်တမ်းများ၊ စာရွက်စာတမ်း အထောက်အထားများ၊ တောင်းဆိုသူနှင့် တောင်းဆိုခြင်းခံရသူတို့၏ တောင်းဆိုလွှာ၊ ချေပလွှာများ၊

နှစ်ဖက်ထွက်ဆိုချက်များအပေါ်အခြေခံ၍ အောက်ပါအတိုင်း ကောက်ချက်ရေးဆွဲပြီး စီရင်ဆုံးဖြတ်လိုက်သည်-

**ကောက်ချက်အမှတ်(၁)။** ဒေါ်မိုမိုသော်နှင့် ဦးသက်လှိုင်တို့ အလုပ်ရပ်စဲမှုနစ်နာကြေး ရထိုက်/မရထိုက်။

**<u>စစ်ဆေးတွေ့ရှိချက်</u>**

၆။ ခုံသမာဓိကောင်စီ၊ ခုံအဖွဲ့မှ အမှုစစ်ဆေးရာတွင် အလုပ်ရှင်၏အထူးကိုယ်စားလှယ်လွှဲအပ်ခြင်းခံရသူ ဦးသီဟ (အမှုဆောင်အယ်ဒီတာ) မှ အမှုစစ်ဆေးမည့် ၂၁-၆-၂၀၁၈ ရက်နေ့တွင် အမှုစစ်ဆေးမည့်အချိန် နီးကပ်မှသာ ရုတ်တရက်ထိခိုက်ဒဏ်ရာရရှိ၍ ကြားနာစစ်ဆေးရန် မလာရောက်နိုင်သဖြင့် စစ်ဆေးကြားနာမည့်ရက်အား ရွှေ့ဆိုင်းပေးပါရန် ခွင့်ပန်ကြားခဲ့ပါသည်။ သို့ရာတွင် ခုံသမာဓိကောင်စီ၊ ခုံအဖွဲ့မှ ၎င်း၏ ခွင့်ပန်ကြားချက်အား ခွင့်ပြုရန်သင့်/မသင့် အဖွဲ့ဖြင့် စဉ်းစားဆုံးဖြတ်ရာတွင် တစ်ဖက်မှ လျှောက်ထားခြင်းခံရသူ အလုပ်သမားများ ရောက်ရှိနေခြင်း၊ အငြင်းပွားမှုအား စစ်ဆေးရာတွင် ခုံအဖွဲ့အနေဖြင့် ဥပဒေပါအချိန်သတ်မှတ်ချက်အတွင်း အချိန်မီ စစ်ဆေးဆုံးဖြတ်ရခြင်းတို့ကြောင့် အလုပ်ရှင်၏အထူးကိုယ်စားလှယ်လွှဲအပ်ခြင်းခံရသူ၏ ခွင့်ပန်ကြားချက်အား လက်ခံရန်မသင့်ကြောင်း၊ အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေးနည်းဥပဒေ ၂၃ (က)ပါ " ခုံအဖွဲ့သည် အငြင်းပွားမှုကို လက်ခံရရှိသည့်အခါ သက်ဆိုင်ရာအငြင်းပွားသူများကို ကြားနာလိုက ကြားနာစစ်ဆေးခြင်း သို့မဟုတ် **ကြားနာစစ်ဆေးခြင်းမပြုဘဲ** အငြင်းပွားမှုကို ဆုံးဖြတ်ခြင်းပြုနိုင်သည်" ဟူသော ပြဋ္ဌာန်းချက်နှင့် နည်းဥပဒေ ၂၃ (င) ပါ " ခုံအဖွဲ့သည် အငြင်းပွားမှုကို လက်ခံရရှိသည့်အခါ အငြင်းပွားမှုကို ကြားနာစစ်ဆေးပြီးသည့်အခါတွင်ဖြစ်စေ၊ **ကြားနာစစ်ဆေးခြင်းမပြုဘဲ** အငြင်းပွားမှုကို ဆုံးဖြတ်သည့်အခါတွင်ဖြစ်စေ ခုံသမာဓိအဖွဲ့၏ ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း သို့မဟုတ် ပြင်ဆင်ခြင်းပြုနိုင်သည်" ဟူသောပြဋ္ဌာန်းချက်များကို ကျင့်သုံးလျက် ခုံအဖွဲ့ကဆောင်ရွက်ခဲ့ပါသည်။

၇။ ခုံအဖွဲ့မှ အမှုစစ်ဆေးရာတွင် အလုပ်သမား ဦးသက်လှိုင်(Online Editor)မှာ ၁-၁၂-၂၀၀၃ ရက်နေ့၌ Myanmar Consolidated Media Co.,Ltd. တွင် အလုပ်စတင်ဝင်ရောက်ခဲ့ကြောင်း၊ နောက်ဆုံး ထုတ်လစာမှာ အမေရိကန်ဒေါ်လာ ၇၈၈ (USD $ 788) ဖြစ်ကြောင်း၊ ၉-၄-၂၀၁၈ ရက်နေ့တွင် စွမ်းဆောင်ရည်ညံ့ဖျင်းခြင်း (Poor Performance) ဟု ဆိုကာ အမှုဆောင်အယ်ဒီတာ လက်မှတ်ရေးထိုး၍ အလုပ်ရပ်စဲခဲ့ပါကြောင်း၊ လုပ်သက်တစ်လျှောက် နှုတ်ဖြင့်ဖြစ်စေ၊ စာဖြင့်ဖြစ်စေ လုပ်ငန်းနှင့်ပတ်သက်၍ အထက်လူကြီးများထံမှ တစ်ကြိမ်တစ်ခါမျှ သတိပေးခံရခြင်း၊ အရေးယူခံရခြင်း မရှိခဲ့ဖူးပါကြောင်း၊ ထို့အတွက် ဥပဒေပါ အလုပ်ရပ်စဲမှုနစ်နာကြေးရရှိရန် မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့သို့ သွားရောက်တောင်းဆိုခဲ့သော်လည်း အလုပ်ရှင်ဘက်မှ လိုက်လျောမှု

မရှိခဲ့ပါကြောင်း၊ သို့အတွက် ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့နှင့် ခုံသမာဓိကောင်စီသို့ အဆင့်ဆင့်တက်ရောက်လာရခြင်းဖြစ်ပါကြောင်း၊ ဥပဒေနှင့်အညီ စစ်ဆေးဆုံးဖြတ်ပေးစေလိုပါကြောင်း၊ ခုံသမာဓိကောင်စီ၊ ခုံအဖွဲ့၏ ဆုံးဖြတ်ချက်ကို လိုက်နာမည်ဖြစ်ပါကြောင်း ထွက်ဆိုခဲ့ပါသည်။

၈။ ခုံအဖွဲ့မှ အမှုစစ်ဆေးရာတွင် အလုပ်သမား ဒေါ်မို့မို့သော် (Editor) မှာ ၁၂-၉-၂၀၀၅ ရက်နေ့၌ Myanmar Consolidated Media Co.,Ltd. တွင် အလုပ်စတင်ဝင်ရောက်ခဲ့ကြောင်း၊ နောက်ဆုံးထုတ်လစာမှာ အမေရိကန်ဒေါ်လာ ၈၄၀ (USD $ 840) ဖြစ်ကြောင်း၊ ၉-၄-၂၀၁၈ ရက်နေ့တွင် Conflict of Interest အကြောင်းပြချက်ဖြင့် အမှုဆောင်အယ်ဒီတာ လက်မှတ်ရေးထိုး၍ အလုပ်ရပ်စဲခဲ့ပါကြောင်း၊ မိမိအနေဖြင့် အဆိုပါအကြောင်းပြချက်ကို ရှင်းလင်းမှုမရှိသဖြင့် မေးမြန်းခဲ့ရာ အလုပ်ရှင်ဘက်မှ ခိုင်လုံသည့်အကြောင်းပြချက်တစ်စုံတစ်ရာပေးနိုင်ခြင်း မရှိပါကြောင်း၊ မိမိလုပ်သက်တစ်လျှောက်တွင် လုပ်ငန်းကိစ္စနှင့်ပတ်သက်၍ နှုတ်ဖြင့်သော်လည်းကောင်း၊ စာဖြင့်သော်လည်းကောင်း သတိပေးအရေးယူခံရခြင်းမရှိခဲ့ပါကြောင်း၊ မိမိအနေဖြင့်လည်း အလုပ်ပြန်လည်ဝင်ရောက်ရန် မဖြစ်နိုင်တော့ပါကြောင်း၊ သို့ဖြစ်ပါ၍ ဥပဒေနှင့်အညီ အလုပ်ရပ်စဲမှုနစ်နာကြေး ရရှိလိုပါကြောင်း၊ ခုံသမာဓိကောင်စီ၊ ခုံအဖွဲ့၏ ဆုံးဖြတ်ချက်ကို လိုက်နာဆောင်ရွက်မည်ဖြစ်ပါကြောင်း ထွက်ဆိုခဲ့ပါသည်။

<u>သုံးသပ်ချက်</u>

၉။ ယခုဖြစ်ပွားသည့် အလုပ်ရှင်၊ အလုပ်သမား အငြင်းပွားဖြစ်စဉ်နှင့်ပတ်သက်၍ ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့၏ သုံးသပ်ချက်များဖြစ်သည့် -

(က) အလုပ်ရှင်နှင့် ဒေါ်မို့မို့သော်၊ ဦးသက်လှိုင်တို့သည် အလုပ်ခန့်ထားမှုဆိုင်ရာသဘောတူညီချက်စာချုပ် (EC) ချုပ်ဆိုထားသော်လည်း စာချုပ်တွင်ပါရှိသည့် အလုပ်ရပ်စဲမှုဆိုင်ရာ စည်းမျည်းစည်းကမ်းများနှင့်အညီ ပထမအကြိမ် နှုတ်ဖြင့်သတိပေးခြင်း၊ ဒုတိယအကြိမ် စာဖြင့်သတိပေးခြင်း၊ တတိယအကြိမ် ကတိဝန်ခံလက်မှတ်ရေးထိုးစေခြင်းစသည့် သတိပေးခြင်း (၃) ကြိမ်ပြုထားမှုမရှိခြင်း၊

(ခ) ဒေါ်မို့မို့သော်အား အလုပ်ထုတ်သည့်စာတွင် Conflict of Interest ဟု ဖော်ပြထားသော်လည်း အလုပ်ရှင်ဘက်မှ တင်ပြချက်၊ ထွက်ဆိုချက်နှင့် အထောက်အထားများ ခိုင်လုံမှုမရှိခြင်း၊

(ဂ) ဦးသက်လှိုင်အား အလုပ်ထုတ်သည့်စာတွင် လုပ်ငန်းစွမ်းဆောင်ရည်ညံ့ဖျင်းခြင်းဟု ဖော်ပြထားသော်လည်း ယင်းသို့ စွပ်စွဲလောက်သည့်ကိစ္စ မတွေ့ရှိရခြင်း၊

(ဃ) အဆိုပါ ကုမ္ပဏီတွင် ဒေါ်မိုမိုသော်မှာ (၁၃) နှစ်ခန့်နှင့် ဦးသက်လှိုင်မှာ (၁၅) နှစ်ခန့် နှစ်ရှည်တာဝန်ထမ်းဆောင်ခဲ့ခြင်းနှင့် လုပ်ငန်းခွင်စည်းကမ်း တစ်စုံတစ်ရာ ဖောက်ဖျက် ကျူးလွန်ခဲ့ကြောင်း မှတ်တမ်းမှတ်ရာမတွေ့ရှိရခြင်းတို့ကြောင့် အလုပ်ရပ်စဲမှုနှင့် ပတ်သက်၍ ဥပဒေနှင့်အညီ အလုပ်ရပ်စဲမှုနစ်နာကြေးရထိုက်ကြောင်း သုံးသပ်ထား ခြင်းများသည် သင့်လျော်မှန်ကန်မှုရှိကြောင်း တွေ့ရှိရပါသည်။

၁၀။ အလုပ်သမားအင်အားလျှော့ချခြင်း၊ အလုပ်ရပ်စဲခြင်းတို့အား အလုပ်ရှင်က ဆောင်ရွက်ရာ တွင် တည်ဆဲအလုပ်သမားရေးရာ ဥပဒေများနှင့်အညီ ဆောင်ရွက်ရန်ဖြစ်သော်လည်း ထိုသို့ မဆောင်ရွက်ခဲ့ခြင်းကြောင့် ယခုအငြင်းပွားမှုဖြစ်ပွားခဲ့သည်ဟု ခုံအဖွဲ့အနေဖြင့် သုံးသပ်ရရှိပါ သောကြောင့် နောင်အလားတူကိစ္စရပ်များ မဖြစ်ပေါ်စေရေးအတွက် အလုပ်ရပ်စဲခြင်းကိစ္စရပ် များကို အလုပ်ရှင်အနေဖြင့် ဥပဒေနှင့်အညီဆောင်ရွက်သွားရန် တိုက်တွန်းအကြံပြုအပ်ပါသည်။

၁၁။ ခုံသမာဓိကောင်စီ၊ ခုံအဖွဲ့အနေဖြင့်လည်း ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့၏ သုံးသပ် ချက်နှင့် ဆုံးဖြတ်ချက်သည် တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ အမိန့်ညွှန်ကြားချက်များနှင့် ကိုက်ညီ ကြောင်း တွေ့ရှိရသဖြင့် ၂၀၁၂ ခုနှစ်၊ အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေးနည်းဥပဒေ ၂၃ (င) အရ ခုံသမာဓိကောင်စီ၊ ခုံအဖွဲ့က အောက်ပါအတိုင်း ဆုံးဖြတ်လိုက်သည်-

**ဆုံးဖြတ်ချက်။** ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့၏ ၂၀၁၈ ခုနှစ်၊ မေလ ၂၈ ရက် ရက်စွဲပါ အငြင်းပွားမှုအမှတ် (၅၉/၂၀၁၈) ဆုံးဖြတ်ချက်အမှတ်(၁)အား အတည်ပြုသည်။

ဤဆုံးဖြတ်ချက်သည်အထက်တွင် ဖော်ပြထားသောနေ့ရက်မှစ၍ အာဏာတည်စေရမည်။

၁၂။ အထက်ပါဆုံးဖြတ်ချက်အရပေးရန်တာဝန်ရှိသည့်ငွေများကို ဤဆုံးဖြတ်ချက်ချမှတ်သည့် နေ့မှစ၍ ရက်ပေါင်း ၃၀ အတွင်း ပေးရမည်။ အလုပ်ရှင်ဘက်မှ ပေးရန်ပျက်ကွက်ပါက ၂၀၁၂ ခုနှစ်၊ အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေးနည်းဥပဒေ ၂၉ အရ အဆိုပါငွေကို မြေခွန်မပြေ ကျန်ငွေကဲ့သို့ အရကောက်ခံရမည်။

ဦးထွန်းအောင်
အဖွဲ့ဝင်

ဒေါက်တာသန်းဝင်း
ဥက္ကဋ္ဌ

ဦးမောင်မောင်အေး
အဖွဲ့ဝင်